
သုမြတ်မွန်မွန်
အချစ် ! မြင်ကွင်းအားလုံးကိုကြည်လင်စေသည်
L လင်း

# အဖွင့်

အမျိုးသားဇာတ်ရုံကြီးရှေ့တွင် လူများ စွာ ပြည့်ကျပ်နေသလို ဇာတ်ရုံအတွင်းသို့လည်း အ သွေးစုံ အရောင်စုံလူတွေက ဝင်လာမစဲ တသဲသဲဖြစ်နေသည် ။ ကြီးမားလှသော ဘုတ်ကြီးပေါ်မှ ဓာတ်ပုံရှင် “ဒိတ်” ကတော့ သူ၏ စူးရှတောက်ပသော မျက်လုံးများ ဖြင့် ပရိသတ်ကို ညှို့ယူနေသလို ကြည့်နေလေသည် ။ တကယ်ကို လူတစ်ယောက် ရောက်နေသလို အသက်ဝင်နေသည့် ဓာတ်ပုံကြီးကို လူတွေမကြည့်ဘဲ မနေနိုင်ကြချေ။ တချို့ဆို လက်ပိုက်ပြီး ရပ်ကြည့်နေတာနဲ့ တောင် ကြုံရသည် ။

ဒီနေ့ဟာ မြန်မာနိုင်ငံရဲ့ တက်သစ်စ အဆိုကျော် “ဒိတ်”ရဲ့ One Man Show ပွဲနေ့ ဖြစ်ပါ သည် ။ လွန်ခဲ့သော တစ်နှစ်ခန့်က ပထမဆုံး တစ်ကိုယ်တော်စီးရီးစ်ထွက်ခဲ့သော ဒိတ်သည် လူသိပ် မသိခဲ့သော မထင်မရှား အဆိုတော်တစ်ယောက်အဖြစ်သာ ရှိခဲ့သည် ။ စီးရီးစ်ထွက်ပြီး ခြောက်လ အကြာမှာ စီးရီးစ်ထဲမှာ မပါဝင်သော ဒိတ်ရဲ့ သီးချင်းတစ်ပုဒ်က အွန်လိုင်းမှာ စ,ပေါက်သည် ။

သီချင်းတစ်ပုဒ် တကယ်ပေါက်ပြီဆိုလျှင် ဘယ်နေရာသွားသွား ဘယ်သူ့ပါးစပ်ဖျားမှာ ပဲဖြစ် ဖြစ် ဒီအသံကိုပဲ ကြားနေရသည် ဖြစ်လေရာ အဲဒီလို ပေါက်တာထက်ကို သူ့သီချင်းက အများကြီး ပေါက်ခဲ့သည် ။ အဲဒီသီချင်းအရှိန်ဖြင့် ပထမစီးရီးကို လူတွေက ပြန်အာရုံစိုက်မိလာကြသည် ။ တကယ် တော့ ဒိတ်ရဲ့ ပထမစီးရီးဟာ ဖြုန်းခနဲ နားထောင်၍ နား

မစွဲသော သီချင်းအမျိုးအစားတွေမို့ ဝုန်းဒိုင်း မပေါက်ခဲ့ပေမယ့် သီချင်းကောင်းတွေချည်း ကြိုးစားစုစည်း သီဆိုထားသော အခွေဖြစ်သည် ။ သေချာဂရုတစိုက်နှင့် အေးအေးဆေးဆေးသာ အချိန်ပေးပြီး နားထောင်လျှင် အတော်လေး ကောင်းမွန်သည့် သီချင်းတွေမှန်း သိသာ လာလေသည် ။ အဲဒီလို ပထမဆုံးအခွေကို ပရိသတ်တွေက အာရုံစိုက်ပြီး ပြန်နားထောင်နေတုန်း သိပ်မကြာခင်မှာ ပဲ ဖြုန်းဆိုပြီး ဒုတိယစီးရီးစ်က MTV သဘော

မျိုး တစ်ခါတည်း ထွက်ချလာသည် ။

ခိုးကူးခွေတွေ အငိုက်မိသွားသည် ။ သီချင်းအသစ်တွေ၊ ရိုက်ချက်ကောင်းကောင်း တွေဖြင့် ခမ်းနားစွာ တန်ဆာဆင်ထားသော ဒုတိယအခွေ တစ်နိုင်ငံလုံးသို့ အကြီးအကျယ်ပဲ ပေါက်မြောက် အောင်မြင်သွားလေသည် ။ ဖြန့်ချိမှုအားကလည်း ကောင်းလွန်းသောကြောင့် ဒိတ်ရဲ့ ဒုတိယသီချင်း MTV အခွေဟာ တစ်နိုင်ငံလုံးကို လှည်းနေလှေအောင်းမြင်းဇောင်းမကျန် ပေါက်သွားခဲ့တာ ဖြစ်သည် ။

ဒါပေမဲ့လည်း ဒိတ်ဆိုသော အဆိုတော်ကို အပြင်မှာ မြင်တွေ့ဖူးသူ နည်းလှသည် ။ နည်းဆို ဒိတ်နဲ့ တိုက်ရိုက်တောင် စကားပြောခွင့်၊ ဖုန်းပြောခွင့် မရကြချေ။ အဘယ်ကြောင့် ဆိုသော် ဒိတ်ရဲ့ အနုပညာလုပ်ရှားမှု ပုံစံများ သည် နိုင်ငံတကာပုံစံအတိုင်း မန်နေဂျာမှ တစ်ဆင့်သွားသောကြောင့် ဖြစ်လေသည် ။ တစ်ဆင့်စကားများ အရ ဆိုလျှင်တော့ ယခုကဲ့သို့ အောင်မြင်မှုတွေ အကြီးကြီးရလာ အောင် စနစ်တကျအကွက်ချ စီမံခဲ့သူမှာ ဒိတ်ရဲ့ မန်နေဂျာဟု သိရလေသည် ။

မန်နေဂျာဆိုတာက သူများ မန်နေဂျာတွေတော့ မသိချေ။ ဒိတ်ရဲ့ မန်နေဂျာကတော့ ဒိတ် ခိုင်းတာလုပ်ရတာမျိုးမဟုတ်ဘဲ မန်နေဂျာခိုင်းတာ

ကို ဒိတ်က လုပ်ရတာဖြစ်သည် ။ ဒိတ်ရဲ့ အနုပညာ ရေးရာအဝဝနှင့်ဆိုင် သော ကိစ္စရပ်များ အတွက် မန်နေဂျာက စနစ်တကျ စီမံခန့်ခွဲလေ၏။ ထို Manage အောက်တွင် ဒိတ်မှာ အလိုက်သင့်စီးမျောနေထိုင်ရင်း Inter national Celebrity တစ်ယောက် ပုံစံသို့ အပြည့်အဝဝင်လေသည် ။ ဒိတ် ရဲ့ အင်တာဗျူး ကိစ္စအဝဝများ ၊ ဓာတ်ပုံရိုက်ဖို့ ကိစ္စများ ၊ Show ပွဲဆိုဖို့ ကိစ္စများ စသဖြင့် အားလုံးကို မန်နေဂျာကသာ ကိုင်တွယ်စီမံပါသည် ။

ဒါကြောင့် ဒိတ်ကို အင်တာဗျူးချင်တိုင်းလည်း ဗျူးခွင့်မရှိသလို ဓာ တ်ပုံရိုက်ချင်တိုင်းလည်း ရိုက်ခွင့်မရှိကြချေ။ မန်နေဂျာက ရွေးချယ်စိစစ် ပေးထားသော မဂ္ဂဇင်းများ ၊ FM Radio Station များ စတာတွေကိုသာ လက်ခံတွေ့ဆုံသဖြင့် ကြီးကျယ်သည် ၊ ချေသည် ဟု တောင် ဝေဖန်သံများ ညံလေ သည် ။ သို့သော် တွေ့ဆုံတိုင်းမှာ လည်း တစ်ဖက် မီဒီယာကို လေးလေးစားစားဆက်ဆံပြီး အချိန်တိကျ ကာ professional ပုံစံ အပြည့်အဝပီသသောကြောင့် အမှန်အကန် မီဒီယာတွေကတော့ ဒိ တ်ရဲ့ မန်နေဂျာ စီမံပုံကို သဘောကျကြသည် ။ အားပေးကြသည် ။ တချို့အနုပညာရှင်တွေတောင် ဒိတ်ရဲ့ ပုံစံ ကို အားကျအတုခိုးကြလေသ ည် ။

သို့သော် ဒိတ်က ဒီလောကထဲသို့ စဝင်လာကတည်းက စနစ်တကျ အကွက်ကျကျဝင်လာ ခဲ့ခြင်းကြောင့် ဒိတ်ဆိုလျှင် အများ နဲ့ မတူသော အဆိုတော်တစ်ယောက်ဟု အားလုံးက သတ်မှတ်ထား ကြပြီးသားဖြစ် သည် ။ ဒိတ်ကို ဝေဖန်သံတွေ ဆူညံသွားစေသော အချက်မှာ ဒိတ်က Sh ow ပွဲတွေ မဆို သောကြောင့်ဖြစ်သည် ။ ဒါကြောင့် လူငယ်အဆိုတော် အချင်းချင်းမှာ ပင် ဒိတ်ကို အမြင်မကြည်သော သူတွေ များ စွာရှိခဲ့သည် ။

ဒီ့အတွက် ဒိတ်သည် သူ့ရဲ့ သဘောထားအချို့ကို သူ၏ Facebook စာမျက်နှာပေါ်မှ တစ်ဆင့် ဒီလိုကြေညာခဲ့ပါသည် ။

"လူတစ်ယောက်မှာ ကိုယ်ပိုင်လွတ်လပ်ခွင့်နဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဆိုတာ ရှိကြပါတယ်။ မည်သူတစ်ဦးတစ်ယောက်ကိုမှ မထိခိုက်ဘဲ ကိုယ့်ယုံကြည်ရာအတိုင်း လုပ်တဲ့ ကိစ္စတစ်ခုအတွက် အပြစ် သို့မဟုတ် တာဝန်မကျေမှုဆိုတာ မရှိပါဘူး...

ခေတ်အဆက်ဆက်က သူရဲကောင်း ဆိုသူတွေဟာကိုယ်ယုံကြည်ရာကိုပဲ စွဲမြဲလုပ်ခဲ့ကြသူ တွေပါ "

အဲဒီလို ပြောထားဖူးသလိုပင် ဒိတ်က သူ ယုံကြည်ရာကိုပဲ စွဲမြဲလုပ်ခဲ့သည် ။ နာမည်ကြီး အဆိုတော် ဖြစ်သွားပြီးနောက်ပိုင်းမှ Show ပွဲ နှစ်ပွဲသာဆိုခဲ့သည် ။ တစ်ပွဲက ရန်ပုံငွေအလှူပွဲအတွက် သီဆိုပေးခဲ့တာဖြစ်ပြီး တစ်ပွဲကတော့ ခမ်းနားကြီးကျယ်လွန်းသည့် Band တစ်ခုရဲ့ အဆိုတော် အနည်းငယ်သာ ပါဝင်သော Show ပွဲကြီးမှာ ဧည့်သည် အဆိုတော်အနေဖြင့် သုံးပုဒ်သာ ဝင်ဆိုပေးခဲ့ ခြင်းဖြစ်သည် ။ အဲဒီပွဲကြီးတွေဟာလည်း "ဒိတ်" ပါဝင်သောကြောင့် အထူးတလည် အားပေးခြင်း ခံခဲ့ရသည် ။

အဲဒီနောက် ဘယ် Show ပွဲကိုမှ သီဆိုခြင်းမရှိခဲ့သော "ဒိတ်"ဟာ ဘယ်သူမှ ထင်မထားတဲ့ အချိန်မှာ ပဲ သူ့ရဲ့ One Man Show ပွဲကြီးကို ပြုလုပ်ခဲ့တာပဲဖြစ်သည် ။ ပွဲမကျင်းပမီ တစ်ပတ်အလို ခန့်ပင် TV Channel တစ်ခုကနေ၍ ဒီပွဲကြီးအတွက် ဆက်တင်အခမ်းအနားတွေကို သူ ဘယ်လိုပြင် ဆင်ထားပုံ၊ Dancer တွေနဲ့ အကတိုက်နေပုံ၊ ဒီဇိုင်နာနှင့် အဝတ်အစားပြင်ဆင်ပုံ၊ သူ့အိမ်မှာ လေ့ကျင့် ခန်းလုပ်နေပုံ၊ အသံကျင့်နေပုံ စသဖြင့် ဘယ် TV Channel မှာ မှ ဘာ Program ကိုမှ မရိုက်ပေးခဲ့ သမျှ

One Man Show နဲ့ ပတ်သက်တော့မှ ပဲ သေချာကို စနစ်တကျ ရိုက်ကူး တင်ဆက်တော့တာ ဖြစ်သည် ။

အဲဒီအခါကျတော့မှ ပဲ ပြင်သစ်ဆံထုံးကို အမြဲထုံးထားတတ်ပြီး သစ်ခွတစ်ပွင့်ကို အမြဲပန်ဆင် လေကာ တိကျပြတ်သားသော မျက်နှာထားနှင့် အလုပ်လုပ်တတ်သူ အသက်လေးဆယ်အရွယ်ရှိ ဒိတ် ရဲ့ မန်နေဂျာအမျိုးသမီးကိုလည်း တစ်တိုင်းပြည်လုံးပဲ မြင်တွေ့ဖူးကြတော့တာဖြစ်သည် ။ မန်နေဂျာရဲ့ စနစ်ကျသော၊ professional ဆန်သော စီမံကွပ်ကဲမှုအောက်မှာ ဒိတ်အပါအဝင် ဒိတ်ရဲ့ Band အဖွဲ့ ကအစ စနစ်တကျ ရှိလှသည် ။ ကမ္ဘာကျော်အနုပညာရှင်တစ်ယောက်လို စနစ်တကျ ကြိုးစားတည် ဆောက်နေပုံမြင်ကွင်းကို TV Channel မှ တစ်ဆင့်ပြသနေသောကြောင့် ပရိသတ်တွေကလည်း စိတ်ဝင်တစား ရှိလှသည် ။

ဒီလိုနှင့် ဒိတ်ရဲ့ One Man Show ပွဲနေ့သို့ ရောက်လာခဲ့တာဖြစ်သည် ။ ပွဲရဲ့ အဖွင့်ကို ခမ်းနားသော ဆက်တင်များ ဖြင့် ဖွင့်လှစ်ခဲ့ကာ ဒိတ်က သီချင်းအမြူးတစ်ပုဒ်ကို သူ၏ Dancer အဖွဲ့ ဖြင့် သီဆိုလေသည် ။ ပရိသတ်တွေကလည်း သောင်းသောင်းဖြဖြ လက်ခုပ်တီးပြီး အားပေးကြသည် ။ သီချင်းပြီးသွားသောအခါ Presenter က ရောက် လာပြီး ကြေညာသည် ။

"ဟုတ်ကဲ့... ပရိသတ်ကြီးခင်ဗျား၊ အခုနက ဒိတ်ရဲ့ ဖျော်ဖြေတင်ဆက်မှုကို နှစ်သက် သဘောကျတဲ့ အဘိုးတစ်ယောက်က ဆုချချင်လို့ ဆိုပြီး စင်ပေါ်ကို ရောက်နေပါတယ်...

အဲဒီအဘိုးနဲ့ ကျွန်တော် နည်းနည်းလောက် စကားပြောခွင့်ပြုပါ ခင်ဗျား... အဘိုး ကြွပါ "

Presenter ရဲ့ ဖိတ်ခေါ်သံအဆုံးတွင် တုန်ချိ တုန်ချိဖြင့် အဘိုးကြီးတ

စ်ယောက် ရောက်လာ သည် ။ Presenter က ဖေးမကာ အပြုံးဖြင့်မေး သည် ။

“အဘိုး… နေကောင်းရဲ့ လား ခင်ဗျာ ”

“အင်း… မကောင်းတကောင်းပေါ့ ငါ့မြေးရယ်၊ ဒိတ်လေးကို ကြည့်ချ င်လွန်းလို့ သာ လာရ တာ ”

အဘိုးအိုက အသံတုန်ချည့်ချည့်ဖြင့် ပြန်လည်ဖြေဆိုသည် ။ ပရိသ တ်တွေက ရယ်ကြသည် ။ Presenter ကဆက်မေးပါသည် ။

“အဘိုးက ဒိတ်ကို တော်တော်ပဲ ကြိုက်လား၊ ခင်ဗျာ”

“ကြိုက်တာပေ့ါ ငါ့မြေးရယ်၊ အဘိုး လူဖြစ်စောလှချည်ရဲ့ ဆိုပြီး အမြဲတမ်း စိတ်ဓာတ်ကျ နေခဲ့ရတာ ”

“ဟာ… ဒါဆို အဘိုးက ဒိတ်ကို တော်တော်ကြိုက်တာပေ့ါ ”

“ကြိုက်တာပေ့ါ မြေးရယ်၊ ဒိတ်ရဲ့ သီချင်းတွေကို တစ်ပုဒ်မကျန်ရတ ယ်။ ဒိတ် က,သလိုလည်း က,တတ်တယ် ”

“ဟာ… ဟုတ်လား။ တကယ်လား အဘိုးရာ။ သားကတော့ မယုံပါ ဘူးဗျာ”

“မယုံရင် အဘိုး သီချင်းတစ်ပိုဒ်လောက် ဆိုပြရမလား ”

အဘိုးအိုက တုန်ချည့်ချည့်လေသံဖြင့် ပြောလျှင် ပရိသတ်အားလုံး ပွဲ ကျသွားသည် ။

“ဟား… တကယ်ဆိုပြမှာ လား၊ ပြီးရော ဆိုပြ ”

အဘိုးအိုက ဒိတ်ရဲ့ နာမည်ကျော် သီးချင်းတစ်ပိုဒ်ကို အသံတုန်ချည့် ချည့်ဖြင့် ဆိုပြလေ သည် ။ ပရိသတ်က လက်ခုပ်သံတွေချီးမြှင့်သည် ။

မြှောက်ပေးလျှင် ဘာဖြစ်အောင် က,တယ်ဆိုသော စကားပုံအတိုင်း အဘိုးအိုက တစ်ဆင့်တက်လာသည် ။

“အဘိုး ဒိတ်လိုပဲ က,ပြရဦးမယ် ”

“ဟာ… အဘိုးက က,တတ်လို့ လား၊ အဘိုး စိတ်ထိန်းနော် တော်ကြာ က,ရင်းနဲ့ အမော ဖောက်ပြီး အသက်ထွက်သွားလို့ ကျွန်တော်တို့ ပွဲပျက်သွားဦးမယ် ”

“မပျက်စေရဘူး၊ အဘိုး တစ်ပုဒ်လောက် က,ပါရစေကွယ် ”

“အိုခေ… ကဲ… ဒါဆို သီချင်းဖွင့်ပေးမယ်၊ ကဲ… DJ ”

Presenter က တက်ကြွစွာ အော်လိုက်တာနဲ့ DJ Dance တီးလုံးသံက မြိုင်ဆိုင်စွာ ထွက်ပေါ်လာသည် ။ စည်းချက်ကျသော တီးလုံးသံနှင့်အညီ အဘိုးအိုက တုန်ချည့်ချည့် ဒီဇိုင်းဖြင့်စတင် က,ပြသည် ။ ပရိသတ်တွေက Show ပွဲရဲ့ Perfomance တစ်ခုအနေဖြင့် နှစ်သက်သဘောကျစွာ လက်ခုပ်သံတွေကမတောင်းဆိုပါဘဲနှင့် တဖြောင်းဖြောင်းပဲ အားပေးချီးမြှင့်လေသည် ။

အဘိုးအိုသည် ပထမတော့ တုန်ချည့်တုန်ချည့် က,နေရာမှ နောက်တော့ သွက်လက်မြူးကြွသော ပုံစံဖြင့် က,လာသည် ၊ အထူးခြားဆုံးကတော့ ဒိတ်ရဲ့ မူပိုင်အကကွက်ဖြစ်သော ကျွမ်းငါးပတ်ကို ဆက်တိုက်လိမ့်ထိုးပြလိုက်တာပဲဖြစ်သည် ။ ကြည့်နေသော ပရိတသတ်မှာ ဟာခနဲ ဟင်ခနဲ ဖြစ်သွားသည် ။ နောက်ဆုံး ကျွမ်းတစ်ပတ် ထိုးပြီးသောအခါ အဘိုးအိုက ခန္ဓာကိုယ်ပေါ်မှာ ဝတ်ဆင်ထားသော ဖလံ ထည်ကုတ်အင်္ကျီအနွေးထည်ကြီးကို ရင်ဘတ်ကြယ်သီးတွေ ဖြန်းခနဲ ဆောင့်ဆွဲဖွင့်လိုက်သောအခါ အဘိုးအိုတစ်ယောက်နဲ့ မတူသော ကြွခိုင်ကျစ်လျစ်သည့် ငယ်ရွယ်နုပျိုသော ရင်အုပ်နှင့် ဝမ်းဗိုက်ပိုင်း ဘယ်လီအလှကို

ပရိသတ်များ ရင်သပ်ရှုမောဖွယ် တွေ့မြင်လိုက်ရသည် ။

အဲဒီအချိန်မှာ တေးဂီတသံကလည်း ရပ်ဆိုင်းသွားကာ ခန်းမတစ်ခုလုံး အမှောင်ကျသွား လျက် မီးဆလိုက်ကြီးတစ်ခုကသာ အဘိုးအိုထံ ထိုးထားသည် ။ နောက် ဒုန်းခနဲ ဒုန်းခနဲ စည်းချက်ညီ ထွက်လာသော အသံနှင့်အတူ အဘိုးအိုက သူ့ခေါင်းကဆံပင်ကို ဆောင့်ဆွဲဖြုတ်လိုက်သောအခါ၊ နောက် မျက်နှာပေါ်က မျက်မှန်၊ နှုတ်ခမ်းမွေးဖြူ၊ ပါးပြိုင်းမွေးဖြူများကို ဆွဲဖြုတ်ပစ်လိုက်သောအခါ အပေါ်ပိုင်းဗလာကျင်း ခန္ဓာကိုယ်နှင့် သူရဲကောင်းတစ်ဦးနှယ် မားမားကြီးရပ်နေသော ဒိတ်ကို တွေ့မြင်ကြရလေသည် ။

ပထမက ဘာပါလိမ့်... ဘာပါလိမ့် ဟူ၍ အံ့သြမှ င်သက်နေသော ပရိသတ်ကြီးသည် ဒိတ်ကို တွေ့သောအခါ အကြီးအကျယ် အော်ဟစ်ကြလေ၏။ ပထမက သူတို့ တွေ့ခဲ့သော ဒိတ်ဆိုတာ ဒိတ်မ ဟုတ်ဘဲ ရုပ်ဆင်အောင် ဖန်တီးပြုလုပ်ထားခြင်းဖြစ်ပြီး အခုဟာကမှ ဒိတ်အစစ်ဆိုတာ ပေါ်လွင်သွား ၍ ဖြစ်သည် ။ လက်ခုပ်သံတွေ တဖြောင်းဖြောင်း ထွက်လာပြီး ပြန်လည်တိတ်ဆိတ်သွားသည့် အချိန် တွင် ဒိတ်က အာရေဘီယံ စတိုင်ဖြင့် ဆွဲဆွဲငင်ငင် အော်ဟစ်လိုက်သည် ။

အဲဒီခဏ၌ မီးရှူးမီးပန်းတွေ ပေါက်ထွက်လာကာ တေးဂီတသံက မြိုင်မြိုင်ဆိုင်ဆိုင်ပဲ ပြန် လည်ထွက်ပေါ်လာပြန်လေသည် ။ ဒိတ်ရဲ့ Dancer အဖွဲ့က ပြေးထွက်လာကာ ပဝါတစ်ထည်ကို ယူ ဆောင် လာပြီး ဒိတ်ရဲ့ ကိုယ်ပေါ်မှာ ဘယ်လိုချည်နှောင်ပေးလိုက်လဲတော့ မပြောတတ်ချေ။ ကျားသစ် ကွက်ဆင်ပဝါကို လှပစွာ ချည်နှောင်ထားပြီး အင်တာနက်ပေါ်မှာ သာ တင်ထားသော ပုံ့နှံ့လွင့်ပျံ့ နေသည့် “မြန်မာ”ဆိုသော အမျိုးသားအားမာန်သီချင်းကို အင်္ဂလိပ်လို သီဆိုသည် ။ ဆန်းသစ်လှပ

သော ကကွက်များ နှင့် ပိုင်နိုင်သော သီဆိုမှုတို့ ကြောင့် ပရိသတ်များမှာ ပါးစပ်အဟောင်းသားဖြင့် ငေးနေကြသည် ။

သီချင်းလည်း ပြီးသွားသောအခါ လက်ခုပ်တောင်းစရာမလိုဘဲလက်ခုပ်သံတွေက အလျှံ အပယ်ထွက်လာသည် ။ ဒိတ်က ပရိသတ်များကို ဦးညွှတ်ကာ နှုတ်ဆက်စကား ပြောကြားသည် ။

"အားလုံးပဲ မင်္ဂလာပါခင်ဗျာ "

ဒိတ်က တစ်ခုခု ဆက်ပြောဖို့ ဟန်ပြင်သော်လည်း ပရိသတ်တွေက " မင်္ဂလာပါ" ဟု တညီတညာတည်း သံပြိုင်နှုတ်ဆက်ကြသောကြောင့် ဒိတ်က ပြောမည့်စကားကို ရပ်တန့်သွားရကာ

"အဟင်း အဟင်း"ဟူသော ရယ်သံလေး ထွက်လာသည် ။ အဲဒီ ရယ်သံကြောင့် ကောင်မလေးတွေက တအူးအူး တအားအား အော်ကြသည် ။ ဒိတ်ကိုဆိုလျှင် ယောကျ်ားလေး မိန်းကလေးကြီးငယ်မရွေး ကြိုက်ကြပေမယ့် ဆန့်ကျင်ဘက်ဆိုလျှင် ပိုမိုအားပေးသည့် ထုံးစံအတိုင်း မိန်းကလေးတွေကတော့ သည်းသည်းလှုပ်တာထက်ကို ဆယ်ဆမက ပိုလှုပ်ကြသည် ဟု ပြော၍ ရသည် ။

အသက်နှစ်ဆယ်သာ ရှိသေးပြီး မြင့်မားထွားကျိုင်းသော အရပ်အမောင်းနှင့် ယောကျ်ား ပီသသော မျက်နှာကျကိုပိုင်ဆိုင်ထားသော်လည်း Sweet အပြုံးကြောင့် ဒိတ်သည် မျက်နှာမြင် ချစ် ခင်ပါစေဟူသော ဆုနှင့်ပြည့်စုံလှသည် ။ ထူးခြားသော Style နှင့် သီဆိုပါရမီလည်း ရှိသောကြောင့် လက်ရှိအချိန်မှာ တော့ မြန်မာပြည်ရဲ့ ထိပ်တန်းစာရင်းဝင် အဆိုတော်တစ်ယောက်အဖြစ် ရပ်တည်လို့ နေပါသည် ။

ထိုနေ့က ဒိတ်ရဲ့ တစ်ကိုယ်တော် One Man Show ကို ကြည့်ခဲ့ရသောသူတိုင်း တညီ တညွတ်တည်း မှတ်ချက်ချခဲ့ကြသည် မှာ နိုင်ငံခြား

ရှိုးပွဲတစ်ပွဲကို ကြည့်နေရတဲ့ အတိုင်းပဲဟူ၍ ဖြစ် သည် ။ ပွဲအစမှ အဆုံး တိုင် ပရိသတ်မျှော်လင့်မထားသော ပုံစံအမျိုးမျိုးဖြင့် အဆန်းတကြယ် ဖျော်ဖြေ နိုင်ခဲ့သည် ။

ဒီသီဆိုပွဲကို အရောက်လာအားပေးကြသော ပရိသတ်များ အတွက် ဘယ်ရုပ်သံလိုင်းကမှ တိုက်ရိုက်မပြဘဲ နောက်တစ်ရက်မှ သာ Channel တစ်ခုက ပြသခွင့်ကို ရရှိမှာ ဖြစ်ပြီး ထိုရုပ်သံလိုင်း ကို ရောင်းချထား သော ငွေကြေးအားလုံးကို ရခိုင်ပြည်နယ်သို့ လှူဒါန်းမည်ဖြစ်ကြောင်း ကြေညာခဲ့ သည့်အတွက်လည်း ပရိသတ်များက သာဓုခေါ်စရာ ဖြစ်ခဲ့ လေသည် ။

ဘယ်လိုပဲဖြစ်ဖြစ် ONE MAN SHOW OF DATE ပွဲကြီးသည် မြန်မာနို င်ငံဂီတလောက အတွက်တော့ ပြောစမှတ်တွင် ခဲ့သည့် ပွဲကြီးတစ်ပွဲ ဖြစ် ခဲ့လေသည် ။

*

၁

"ကွန်ဂရက်ကျူလေးရှင်း အရမ်းတော်တယ် ဒိတ် "

အားလုံးပြီးစီးသွား၍ စင်ရဲ့ နောက်ဘက် နားနေဆောင်သို့ ရောက်သောအခါ လီလီက ဒိတ်ကို လက်ကမ်းပေးပြီး ပြောလိုက်တာဖြစ်သည် ။ ဒိတ်က အပြုံးဖြင့် လီလီရဲ့ လက်ကို ဆွဲယူဖျစ်ညှစ် လိုက်ပြီး တံတောင်ဆစ်ကွေးပြီး လက်ချင်းချိတ်ဆက်လိုက်ကာ လီလို့ပခုံးကို သူ့ပခုံးဖြင့် ပစ်တိုက် လိုက်သည် ။ အဲဒါကတော့ သူ့ရဲ့ ရဲ့ ဘော်ရဲဘက်တွေနဲ့ တွေ့တဲ့ အခါတိုင်း နှုတ်ဆက်တဲ့ စတိုင်ပဲဖြစ် သည် ။

"လီလီက ပိုတော်တာပါကွယ်။ လီလီက မန်နေဂျာဂေါင်း... ဟား... ဟား "

မန်နေဂျာကောင်း ဟူသော စကားကို ဘယ်တော့မှ အကောင်းမပြောဘဲ မန်နေဂျာဂေါင်း ဟူသော အာလုပ်သံကြီးအား ပါးစပ်အပြည့်ဖြင့် ပြောတတ်သော သူ့ကို လီလီကလည်း အမြဲတစေ မျက်စောင်းထိုးနေကြဖြစ်သည် ။

ဒီနေ့တော့ အဲဒီမျက်စောင်းလေးဟာ ချစ်စနိုးမျက်စောင်းလေးသာပဲ ဖြစ်လေသည် ။

"အရမ်းမိုက်တယ်ကွာ။ မင်း အကောင်းဆုံး လုပ်သွားတာပဲ ငါ့ကောင်ကြီး.... ဟား ဟား "

သူ့ရဲ့ ဘော်ဒါဆိုလည်း ဟုတ် ဂီတာသမားဆိုလည်း ဟုတ်သော သစ္စာက သူ့ကို အားပေး ချီးမြှောက်တာဖြစ်သည် ။ သူ့ရဲ့ Band ၊ Dancer အဖွဲ့ စသဖြင့် အားလုံးက သူ့ကို Congratulation လုပ်ကြပါသည် ။ ဒီပွဲသည် အားလုံးရဲ့ စည်းလုံးညီညွတ်မှုဖြင့် ပြီးဆုံးအောင်မြင်ခဲ့သော ပွဲဆိုလည်း မမှားချေ။

"အိုခေ... အိုခေ... အားလုံးကို ကျေးဇူးတင်တယ် ဘရားသားတို့ ။ အားလုံး ပင်ပန်းသွားကြပြီ။

နောက်ရက်မှ အားလုံးကို ဂုဏ်ပြုပေးမယ်.... ဟုတ်ပြီနော်"

"အိုခေ... အိုခေ... ကဲ... နားတော့မယ် မဟုတ်လားလီလီ "

"နားလိုက်တော့။ ပြန်ကြမယ် ဒိတ်ရေ။ အိပ်ရေးဝဝ အိပ်ဖို့ လိုတယ် "

"Yes... Yes... ကဲ... ဘော်ဒါတို့ ။ အီစကို လစ်ပြီဟေ့ ဘိုင့်ဘိုင်"

သူက လီလီ နောက်မှ လိုက်ပါလာခဲ့သည် ။ သူ့ သူငယ်ချင်းတွေနှင့် လီလီ ငှားထားသော လုံခြုံရေးတွေ ခြံရံကာ အပြင်ဘက် ကားရပ်ထားသော နေရာသို့ ထွက်လာခဲ့ကြသည် ။ ဒါတောင် သူ ပြန်မှာ ကို ကြိုသိနေကြသော ပရိသတ်တွေက ထွက်ပေါက်နားမှာ စုပြုံတိုးအုံကာ စောင့်နေကြသေး သည် ။ ဓာတ်ပုံဆရာတွေ၊ သတင်းထောက်တွေ၊ ပရိသတ်တွေနှင့် တော်တော်နဲ့ ထွက်မရဘဲ သူရော လီလီရောပါ မနည်းတိုးထွက်ရလေသည် ။

နောက်တော့ လီလီရဲ့ Alphard ကားကြီးပေါ်ရောက်တော့မှ ပဲ အသက်ရှူချောင်တော့သည် ။ အလုပ်ကိစ္စနှင့် သွားလာသည့်အခါတိုင်း သူ ဘယ်တော့မှ ကားမောင်းခွင့်မရှိဘဲ ဒရိုင်ဘာမောင်းသော လီလီလာကြိုသ

ည့် ကားပေါ်တွင် သာ လိုက်ပါရလေ့ရှိသည် ။ အခုလည်း ကားပေါ်ရှိ နောက်ခန်းထဲ တွင် သူနှင့် လီလီ ယှဉ်တွဲထိုင်ရင်း စကားစမြည်ပြောကာ လိုက်ပါလာကြသည် ။

လီလီက သူ့ကိုကမ်းပေးသော အချိုရည်ကို သူက အသာအယာမော့ ရင်းမှ ပြုံးကြည့်မိသည် ။ ကျက်သရေရှိသောအလှနဲ့ ပြည့်စုံနေသော လီ လီကလည်း သူ့ကို ပြုံးကြည့်နေသည် ။

"ဘယ်လိုလဲ လီလီ၊ ကျွန်တော် ဒီနေ့ အိုခေရဲ့ လား "

"အိုခေပါတယ် ဆိုနေမှ ။ မင်းကို ဒီလောက် တော်မယ်လို့ တောင် ထင်မထားဘူး "

"ဟက်... ဟက်။ လီလီကလည်း ကွာ လူကို ဘာလို့ အဲလောက် အထ င်သေးရတာလဲ။ ကျွန်တော်

ညွှံနေရင် လီလီ့ကို မန်နေဂျာ ဘယ်ခန့်ထားမလဲ.. ဟက်...ဟက် "

ဘယ်သူနဲ့ မှ မတူသော သူ့ရဲ့ မူပိုင်စတိုင်ရယ်သံကို လီလီက မျက် စောင်းတစ်ချက်ထိုးသည် ။

"မင်း ဒီည အိပ်ပျော်အောင်လည်း အိပ်ဦး "

"ကျွန်တော်က ပျော်ပါတယ်။ လီလီသာ အိပ်ပျော်အောင် အိပ်ပါ "

"အောင်မာ... တို့ က ဘာလို့ အိပ်မပျော်ရမှာ လဲ "

"ဟုတ်တယ်လေ။ ကျွန်တော်က ပန်းတစ်ပွင့်အဖြစ် အောင်အောင်မြ င်မြင် ဖူးပွင့်ခွင့်ရတဲ့ အတွက် ပျော်ရတယ်ဆိုရင်အဲဒီပန်းတစ်ပွင့် ဖြစ် လာဖို့ အတွက် အပင်ပန်းခံလာရတဲ့ လီလီရဲ့ ပီတိက ပိုချိုမြိန် မှာ ပေ့ါ....

ဟုတ်ဖူးလား "

“ဟာ ဟ….။ ခွေးစုတ်လေး… မင်း စာရေးဆရာပါ လုပ်လို့ ရတယ် ”

“တကယ်ပြောတာ။ ကျွန်တော် အောင်မြင်လာတာ လီလီ့ကြောင့်ပါ ”

သူ့စကားကို လီလီက ပြုံးစစဖြင့် ပြန်ကြည့်သည် ။

“အင်းပါ… ခုချိန်မှာ ဒီစကားပြောတာကို တို့ ကျေးဇူး မတင်သေးဘူး ”

“Please, Explain me ပါဗျာ”

သူ့ရဲ့ ရွှတ်နောက်နောက် အပြောကို လီလီက မျက်ခုံးတစ်ချက် ဝင့်ကြည့်ကာ…

“အခုချိန်မှာ မင်းက အောင်မြင်နေတဲ့ အနေအထားတစ်ခုဖြစ်ခဲ့ပြီ ဆိုပေမယ့်လည်း မင်းကို တို့ Trainလုပ်ခဲ့တဲ့ အချိန်နဲ့ အခုလက်ရှိအချိန်ဟာ သိပ်အဝေးကွာကြီး အနေအထား မဟုတ်သေးဘူးလေ…

ဒီတော့ မင်းအနေနဲ့ စိတ်ထဲမှာ တို့ ကို ကျေးဇူးတင်စရာအဖြစ် သတ်မှတ်ချင် သတ်မှတ်မယ်။ နောက်တော့မင်းကိုယ်တိုင် ဟုတ် လာပြီလို့ ထင်တဲ့ တစ်နေ့ တို့ ကိုအနှောင့်အယှက်အဖြစ် မြင်လာ မယ်…

သူတော်လို့ မဟုတ်ဘဲ ငါ ကိုယ်တိုင် ကြိုးစားလို့ ဖြစ်လာတာပါဆိုတဲ့ စိတ်မျိုး မင်းဆီမှာ ရောက်ချင်ရောက်လာဦးမယ်လေ ”

“ဟင်း… လီလီရာ ”

သူက ဒါမျိုးဖြစ်နိုင်လို့ လား ဟူသော ပုံစံဖြင့် စိတ်ပျက်လက်ပျက်ဖြင့် နောက်သို့ မှီချလိုက် လျှင် လီလီက ရယ်သည် ။

“အင်းလေ… ဒါကြောင့် တို့ ကို အသိအမှတ်ပြုတဲ့ စကားကို နောက်

သုံးနှစ်လောက်နေမှ ပြောရင် တို့

တကယ်ပျော်မိမှာ အမှန်ပဲ ”

သူက အဲဒီစကားကို နှုတ်ခမ်းနှစ်ဖက်အား ဖူးခနဲ မှုတ်ပြောင်ပြရင်း ပခုံးတွန့်ပြမိသည် ။ ဖြည်းငြိမ့်စွာ မောင်းနေသော ကားပေါ်တွင် လီလီက အဆင်သင့်ပြင်ထားသော ရှမ်ပိန်ကို သူ့အား ကမ်းပေးလေသည် ။

“ဘာပဲဖြစ်ဖြစ်ပါ။ ဒီနေ့ ဒိတ်ရဲ့ အောင်မြင်မှုကိုတော့ တို့ အရမ်းဝမ်းသာပြီး ဂုဏ်ပြုပါတယ်၊ ရော့…

ချီးယားစ် ”

သူက လီလီ ကမ်းပေးသော ရှမ်ပိန်ခွက်ကိုယူကာ ဖန်ခွက်ချင်း တိုက်လိုက်သည် ။ ပြီးတော့

နှစ်ယောက်သားမော့ဖို့ ဟန်အပြင်၊ အမော့မှာ ပဲ ဒုန်းခနဲ မြည်သံကြီးနှင့်အတူ သူရော လီလီရော ပက် လက်လန်သွားတော့ကာ ရှမ်ပိန်တွေလည်း မျက်နှာနှင့် ရင်ဘတ်ပေါ် ရွဲရွဲစိုကုန်တာ ဖြစ်တော့သည် ။

“ဟာ… ဘာဖြစ်တာလဲ ”

ကားက တုံ့ခနဲရပ်သွားသလို သူကလည်း အလန့်တကြား မေးမိသည် ။ လီလီကတော့ အမြဲ တမ်း သတိရှိနေသူပီပီ ချက်ချင်းပြန်ထသည် ။

သူတို့ နှစ်ယောက်လုံး ကားရဲ့ အရှေ့ဆီသို့ အံ့ဩတကြီး စိတ်ဝင်စားစွာ ကြည့်နေတုန်းမှာ ပဲ ဘတ်ခနဲမြည်သံနဲ့ အတူ လက်ဖြူဖြူလေးတစ်ဖက်က ကားရှေ့မှန်ကို လာထောက်တာနှင့် ကြုံရ သည် ။ များ မကြာမီမှ ပဲ နောက်ထပ် လက်တစ်ဖက်ကပါထောက်ပြီး လက်နှစ်ဖက်ကို အားပြုကာ ကောင်မလေးတစ်ယောက်က ဒယီးဒယိုင် မတ်တတ်ထရပ်ပြီး ပေါ်

လာသည် ။

ကားမှန်တွေက အလုံပိတ်ထားသောကြောင့် ကောင်မလေး တစ်ခုခုပြောနေတာကို မြင်ရ သော်လည်း အသံတော့မကြားရချေ။ သို့သော် လက်ဟန်ခြေဟန်တွေအရ သူမ ဘာမှ မဖြစ်ပါဘူး ဆိုတာ ပြောနေသလိုပင်။ သူက ထဖို့ ဟန်ပြင်နေစဉ်မှာ ပဲ လီလီက လက်ကာပြ၍ “ တို့ ဆင်းကြည့် မယ် ”ဟု ပြောပြီးဆင်းသွားသည် ။

သူက မဆင်းမိချေ။ မတ်တတ်ရပ်နေသော လီလီ တစ်ခုခုတော့ ပြောနေမှာ ဖြစ်ပေမယ့် သဲသဲ ကွဲကွဲ မကြားရချေ။ ထိုအချိန်မှာ ပဲ လီလီ ရဲ့ စကားသံက နားထဲဝင်လာသည် ။ ဒရိုင်ဘာက ကားမှန်တွေကို ချလိုက်သောကြောင့် ဖြစ်သည် ။

“စက်ဘီးကို ဘယ်လိုများ နင်းလာတာလဲ မိန်းကလေးရယ်၊ မသေကောင်း မပျောက်ကောင်း ”

သူ့မြင်ကွင်းထဲမှာ အခုနက မြင်တွေ့ခဲ့ရသော မိန်းကလေး မရှိတော့ချေ။ လီလီက မတ်တတ်ရပ်ပြီး စကားပြောနေတာဖြစ်သည် ။ အဲဒီအခိုက်မှာ ပဲ သူ့နားထဲသို့ စမ်းရေသံလိုလို လေညင်းသံသဲ့ သဲ့လေးလို ဘာမှန်းဖော်ပြ၍ မရသော အသံလေးတစ်ခုက တိုးဝင်လာခဲ့တာဖြစ်သည် ။

ဘာသံလေးပါလိမ့်ဟူသော စူးစမ်းစိတ်ဖြင့် သူကနားကို အသာစွင့်မိတုန်းမှာ ပဲ သူ့နားထဲတွင် အသံလေးက တဖြည်းဖြည်း ကျယ်လာသည် ။ ချိုချိုအီအီ အသံလေးဟာ စွဲစွဲငင်ငင် ရှိလှလေသည် ။ အသံလာရာ ကားအရှေ့ဘက်ဆီသို့ သူက တဖြည်းဖြည်း တိုးကပ်ကုန်းကြည့်စဉ်မှာ ပဲ အင်မတန်ကြီး မားလှပသော လိပ်ပြာကြီးတစ်ကောင်က သူ့မျက်နှာနားသို့ ပြုန်းခနဲ လာကပ်တာနှင့် ကြုံရလျှင် သူ့ မှာ လန့်သွားကာ နောက်သို့ တောင် လန်ကျသွားရသည် ။

သို့သော်… ထပ်, ထပ်ပြီး ကြားလာရသော သံစဉ်တေးသွားလေးတစ်ခုက သူ့နားထဲမှာ စမ်း ရေစီးသံတွေလို ဖြတ်စီးဆင်းပြီး ဝင်သွားသည် ။ အို… ကောင်းလိုက်တဲ့ တေးသွား၊ ချိုမြိန်လိုက်တဲ့ အသံ။ သူ့မျက်လုံးရှေ့မှာ လိပ်ပြာလေးတွေ ဝဲပျံလာသလို မြင်လာရသည် ။ လိပ်ပြာတွေ လိပ်ပြာတွေမှ အများကြီးပဲ။ သူက လိပ်ပြာတွေကို အံ့သြတကြီး လိုက်လံကြည့်ရှုနေတုန်းမှာ ပဲ လိပ်ပြာတွေက အ ဝေးကို ထွက်ပြေးဖို့ ပြင်သည် ။ ထို့ကြောင့် သူက ကားပေါ်မှာ ကမန်းကတန်း ပြေးဆင်းလာမိသည် ။

သူ့နားထဲတွင် ချိုအီသော တေးသံသာလေးကို ကြားနေရဆဲပင်။ ကားရှေ့သို့ သူ ရောက်သွား

သောအခါ မုဆိုး ဒူးထောက်ထိုင်ရင်း စောင်းတီးနေသာ ကောင်မလေးကို မြင်သောအခါ သူ အံ့သြ သွားရသည် ။

ကြည့်စမ်း… ကားတစ်စီးလုံးနဲ့ တိုက်မိမလို ဖြစ်တာတောင် စောင်းတီးနေနိုင်တဲ့ သွေးအေး သော မိန်းကလေးမျိုးလား။

ဘယ်လိုကောင်မလေးမျိုးပါလိမ့်။

“ဟိတ်”

သူခေါ်လိုက်သောအခါ ကောင်မလေးက စောင်းတီးနေတာ ရပ်သွားပြီး သူ့ကို မော့ကြည့် သည် ။ သူတို့ နှစ်ယောက် မျက်လုံးချင်း တည့်တည့်ဆုံသွားသော်လည်း ကောင်မလေးရဲ့ မျက်လုံးမှာ ဘာအရောင်မှ ပြောင်းလဲသွားခြင်း မရှိပါ။ ကြည့်စမ်း… သူမ စောင်းတီးတာ ရပ်လိုက်သောအခါ လိပ်ပြာတွေတောင် ပျောက်သွားသလိုပဲ။

“မင်း ဘာမှ မဖြစ်ဘူးနော် ”

"ဟင့်အင်း… ကျွန်မ ဘာမှ မဖြစ်ပါဘူး "

သူမက ပြန်ဖြေပြီးနောက် အိတ်ထဲသို့ စောင်းကိုထည့်သိမ်းပြီး ထွက်ခွာဖို့ ပြင်သည် ။ အဲဒီတော့ မှ သူက ကမန်းကတန်းဖြင့် သူမကို ခေါ်မိသည် ။

"ဒီ… ဒီမှာ … နေပါဦး "

သူ့ခေါ်သံကြောင့် ကောင်မလေးက ချာခနဲလှည့်ကြည့်သည် ။ ဆံပင်အတိ မျက်နှာဝိုင်းဝိုင်း မျက်မှန်ကြည်ကြည်လေးကို တပ်ထားသော ကောင်မလေးဟာ နှုတ်ခမ်းဖူးဖူးလေးနဲ့ အထူးတလည် ကြည်လင်သော မျက်နှာထားကို ပိုင်ဆိုင်သည် ။ သူ့ကိုကြည့်နေသော မျက်လုံးများမှ လည်း ရင်းနှီး သောအသွင်ကို မဆောင်ချေ။

အင်း… Hoddy အင်္ကျီ၊ Baby Pink လေးကို ဝတ်ဆင်ထားပြီး ဂျင်းမိုုတက် Skinny ဘောင်းဘီဖြင့် ကောင်မလေးဟာ မျက်ခြည်မပြတ် ကျန်ခဲ့မည့်သူမျိုးလည်း မဟုတ်နိုင်ပါ။ ဒါပေမဲ့ လည်း သူ့ကိုကြည့်နေသော မျက်ဝန်းတွေမှာ ရင်းနှီးရိပ်ကို မတွေ့ရ။

ခင်ကြီးကျယ်လို တမင်မသိဟန်ဆောင် နေတာမျိုးလည်း မဟုတ်နိုင်အောင် ကောင်မလေးရဲ့ မျက်ဝန်းတွေက ရိုးသားလှသည် ။

"မင်း ကိုယ့်ကို သိလားဟင် "

သူ့စကားကို ကောင်မလေးက ရယ်ချင်သွားမည်ဟု ထင်သော်လည်း မရယ်ပါ။ ရိုးသားသော မျက်ဝန်းတွေက နားမလည်သလိုကြည့်ရင်း ခေါင်းယမ်းပြသည် ။ သေချာပြီ ဒီကောင်မလေး သူ့ကို လုံးဝသိဟန်မတူချေ ။ ဟိ… သေရော… သေဟ… ဒိတ်ရာ။ မင်းကိုယ်မင်း ဟုတ်လှပြီ သိပ်မထင် နဲ့ ဦးဆိုတာ ဒီနေ့ Show ပွဲကြီးအပြီးမှာ တွေ့လိုက်ရတာပဲ။

“ဩော်… ဒါနဲ့ (သူက ထုံးစံအတိုင်း နှာခေါင်းကို လက်ညှိုးနှင့် ကန့်လန့်ဖြတ် ပွတ်လိုက်ရင်း) မင်း ဒီနားမှာ တစ်ခုခုကိုများ မတွေ့လိုက်ဘူးလား”

“ဟင့်အင်း… မတွေ့ပါဘူး။ ကျွန်မ ရှင့်တစ်ယောက်ကိုပဲမြင်တယ် ”

“အင်း… ဟုတ်လား ၊ ဩော်… အင်း… ဟုတ်မှာ ပါ၊ ဟုတ်မှာ ပါ၊ မင်း အိုခေတယ်နော်၊ ဘာမှ

မဖြစ်ဘူး မဟုတ်လား ”

“မဖြစ်ပါဘူး၊ ကျွန်မ စောင်းလေးလည်း ဘာမှ မဖြစ်ဘူးခွင့်ပြုပါ ”

သူမက ခေါင်းလေးတစ်ချက်ဆတ်၍ နှုတ်ဆက်ပြီးနောက် စက်ဘီးကို ကောက်ထူသည် ။ ပန်းကမ္ဘာ မိန်းမစီးစက်ဘီး အဖြူရောင်လေးကို နင်းဖို့ တက်လိုက်သော သူမရဲ့ နောက်ကျောပြင်ကို သူက လိုက်ပြီး ငေးမောမိသည် ။ အဲဒီအခိုက်တွင် အမှတ်တမဲ့ တွေ့လိုက်ရတာက စောင်းထည့်သည့် အိတ်ပေါ်က နာမည်တစ်ခုကို ဖြစ်သည် ။

ORIENTAL POEM

Music School

Music School ဆိုပါလား။ ဒီကောင်မလေးဟာ အဲဒီဂီတကျောင်းက ကျောင်းသူလေးများ လား။ ထိုကျောင်းမှ တက်ရောက်နေသော စောင်းသင်တန်း ကျောင်းသူလေးများ လား။ သူက ကောင်မလေးကို မမှိတ်မသုန် ငေးကြည့်နေတုန်းမှာ ပဲ သူမ နင်းသွားသော စက်ဘီးက တဖြည်းဖြည်း ဝေး၍ ဝေး၍ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည် ။

သူ့ဘေးနားသို့ လီလီက ရောက်လာသည် ။

"လီလီ အခုနက ကောင်မလေးတီးလိုက်တဲ့ စောင်းသံကို ကြားလိုက်ရလား "

"အင်းလေ... ဘယ်လိုကောင်မလေးမျိုးပါလိမ့်။ ကားနဲ့ တိုက်မိတာကို သူ့ကိုယ်သူ ဘာဖြစ်သွားသ လဲ ဂရုမစိုက်ဘဲ သူမစောင်း ပျက်စီးသွားသလားဆိုတာ ပိုအရေးကြီးနေတဲ့ ပုံပဲ...

ဒါကြောင့် သူ စောင်းစမ်းနေတာ "

"စောင်းသံက တော်တော်နားထောင်လို့ ကောင်းတာပဲ "

"အင်း... ဟုတ်တယ်။ ကဲ... အပျော်တွေတောင် ဘယ်ရောက်သွားမှန်း မသိဘူး၊ ရင်ထိတ်လိုက်

တာ တကယ်ပဲ၊ ကဲ... ကားပေါ်တက် ကားပေါ်တက် သွားရအောင် "

လီလီက လောဆော်လိုက်လျှင် သူက ကားပေါ်တက်လိုက်ရသော်လည်း စိတ်တွေကတော့ ချိုအီသော စောင်းသံလေးထဲမှာ ပဲ ရစ်နှောင်ပြီး ကျန်ရစ်ခဲ့သည် ဟု ထင်သည် ။ စောင်းသံလေးကို သူ တော်တော်စိတ်ဝင်စားသည် ။ ဂီတာနဲ့ စန္ဒရားကို တီးခတ်တတ်ပေမယ့် စောင်းရဲ့ ချိုမြိန်မှုကိုတော့

အခုမှ ပဲ သူ မြည်းစမ်းကြည့်ဖူးတာ ဖြစ်တော့သည် ။

သူ့ကိုမသိသော ကောင်မလေးရဲ့ စောင်းသံကို စိတ်ဝင်တစားမှုကြီးစွာဖြင့် ထိုညက အိပ်ပျော်ခဲ့ရသည် ။

*